# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀–၆–၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်စေရေးအတွက် သံလွင်မြစ်အတွင်း သောင်တူးခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့တွင် ခရိုင်စီမံကိန်း ဦးစီးရုံး အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအင်၊ဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်၏ **မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းအင်အား ခန့်ထားရန်နှင့် နယ်လှည့်ဆေးအဖွဲ့တွင် ဆရာဝန်နှင့် ဝန်ထမ်းအင်အား အပြည့်အဝ ခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **မြို့နယ်များရှိ ကျေးရွာအုပ်စုတိုင်း၌ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်ပြပေးရန်နှင့် သားဖွားခန်းများတွင် သားဖွားခုတင်များ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးမောင်၊ ဆော မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ဌေး၊ ထီးလင်း မဲဆန္ဒနယ်၏ **ကျောက်ထုမြို့နယ်ခွဲ တိုက်နယ်ဆေးရုံတွင် လိုအပ်သော ဆရာဝန်နေအိမ်၊ ဖြခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် ရင်ခွဲရုံများ ဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဘဌေး၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လေးမျက်နှာမြို့နယ်ရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် အထူးလိုအပ်လျက်ရှိသော ပန်းတောကြီးတိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းခရိုင်၊ ခုတင် (၁၀၀)ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကင်းမြို့နယ်ရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် ဒေသန္တရဆေးခန်းနေရာတွင် ခုတင်(၅၀)ဆံ့ သို့မဟုတ် သင့်လျော်သည့် ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က **"ဆင်းရဲနွမ်းပါး တောင်သူ၊ လယ်သမားများ၏ မြေယာမှုခင်းများ တရားရေးရာရုံးတွင် ဖြေရှင်းဆောင်ရွက်နိုင်စေရန် တံဆိပ်ခေါင်းအခွန် ကင်းလွတ်ခွင့်ပြုသော ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ပေးပါရန် လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက **“၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၈။ **“၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၉။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသည့် **“၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။